# အစစ်ခံချက်

| | | |
|---|---|---|
| အမည် | ---------------- | ဦးစိန်ပေါ |
| အသက် | ---------------- | ၄၉နှစ် / ၂၀၀၄ |
| မိဘအမည် | -------------- | ဦးဘိုကေ၊ဒေါ်လှရင် (ဆုံး) |
| မှတ်ပုံတင် | -------------- | ၁၂/ကမန(နိုင်)၀၁၅၇၆၇ |
| လူမျိုး/ဘာသာ | ------------ | ဗမာ/ဗုဒ္ဓ |
| အလုပ် | ---------------- | ဈေးရောင်း |
| နေရပ် | ----------------- | ထမ္မနိုင်ကျေးရွာ၊ကော့မှူးမြို့နယ် |

**ကိုယ်ရေးအကျဉ်း**

ကျွန်တော်သည် ၁၃၁၆ ခု၊တန်ဆောင်မုန်လဆန်း(၁)ရက်နေ့၌ ထန်းမနိုင်ကျေးရွာ၌မွေးဖွားခဲ့ပါသည်။ မွေးချင်း(၈)ယောက်အနက်(၅)ယောက်မြောက်ဖြစ်ပါသည်။(၁)ဦးဆန်းအေး၊ထန်းမနိုင် (၂)ဦးစိန်လှိုင်(ဆုံး) (၃)ဦးစိန်ကြိုင် (၄)ဦးစိန်ကြည်၊ထန်းမနိုင် (၅)မိမိ (၆ ) မရင်ကြည် (ထန်းမနိုင်) (၇) မရင်ရွှေ (ထန်းမနိုင်) (၈) မရင်သိန်း (ထန်းမနိုင်) တို့ဖြစ်ပါသည်။ ငယ်စဉ်က သင်္ကန်းကျွန်းအထက၌ (၇) တန်းအောင်အထိပညာသင်ခဲ့ဘူးပါသည်။ အသက်(၁၉) နှစ်မှာ ထန်းမနိုင်ရွာနေ ဦးတင်အောင်၏ သမီးမဌေးဝင်းနဲ့ အိမ်ထောင်ကျပါသည်။ သမီး(၁) ဦးထွန်းကား၍ (၅) နှစ်ပေါင်းပြီးသောအခါ ဆုံးသွား၍ အသက် (၃၄)နှစ်မှာ ထန်းမနိုင်ရွာနေ ဦးမြသိန်း၏ သမီး မသန်းလှိုင်နှင့် အိမ်ထောင်ကျ၍ သမီးမပိုးစန္ဒာလှိုင်ထွန်းကားခဲ့ပါသည်။

**မှုခင်းဖြစ်စဉ်**

ထန်းမနိုင်၊ ကန်သုံးကန်၊ ကိုးတောင်၊ မျက်ဆံနီ ကျေးရွာချင်းဆက်လမ်းဟောင်းအား ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အရ ပြန်လည်မြေဖို့ရန် (၁၃.၃.၀၄) ၊ (၂၀.၃.၀၄)၊ (၂၉.၃.၀၄) နေ့တွင် ရယက များ ရပ်မိရပ်ဖများ ကျေးရွာ အတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် စုပေါင်းဆွေးနွေးကြပြီး အောကခြေအကျယ် ၂၅'၊ ထိပ်ဝ ၁၅' ၊ အမြင့် ၄'ရှိ ပေ ၅၂၀၀ လမ်းအား မြေဖို့ရန် ကိုယ်ထူကိုယ်ထ ဆောင်ရွက်သွားရန် ညှိနှိုင်းဆွေးနွေးပါသည်။ ရွာထဲ ရှိအိမ်ထောင်စု ဇယါးတစ်စုလျှင် အရှည် ၁၅' သတ်မှတ်ပေးပြီး လာရောက်မြေဖို့ရန် ၊ ကိုယ့်နေရာ ကိုယ်လာမှတ် ၍ မြေဖို့ကြရန် တို့ကိုဆွေးနွေး ခဲ့ပါသည်။ ထိုသို့ လမ်းဖို့မည့်အကြောင်းကိုလည်း မယကသို့ တင်ပြခဲ့ပါသည်။ မယကမှလည်း ကိုယ်ထူကိုယ်ထလမ်းဖြစ်၍ အတင်းအဓမ္မလုပ်အားပေးခိုင်းခြင်းမပြုရန်ကိုလမ်းညွှန်သတိပေးပြီး၊ ရယက များကိုယ်တိုင်ကဦးဆောင်ပြီး ကိုယ်တိုင်တာဝန်ယူမြေဖို့ကြရန်လမ်းညွှန်ခဲ့ပါသည်။ (၂၃–၃–၀၄)နေ့တွင် လမ်းဖို့ခြင်းလုပ်ငန်းစခဲ့ပြီး (၅)ရက်အတွင်းမြေဖို့ကြရန်ဆုံးဖြတ်ခဲ့ကြပါသည်။ကျေးရွာအတွင်းရှိလုပ်သားပြည်သူ များကိုလည်းမြေလာဖို့ရန်ဆော်ဩသည့်အနေနဲ့ ရွာထဲမှာအသံချဲ့စက်ဖြင့် မနက်တခါ၊ညတခါ ဆော်ဩပေးပါ သည်။ဆော်ဩရာတွင်လည်းခြိမ်းခြောက်ခြင်း၊အတင်းအဓမ္မလုပ်ခိုင်းခြင်းမျိုးမရှိအောင် ရယက အဖွဲ့ဝင်(၁)ဦးသံခဲ နှင့်ရပ်မိရပ်ဖဦးဝင်းလွင်တို့အားသတိပေးကာကြေငြာခိုင်းခဲ့ပါသည်။၎င်းတို့၏ကြေငြာချက်တွင်လမ်းဖို့ခြင်းအား လာမလုပ်က ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း၊ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ကြောင်း အလျဉ်းမပါခဲ့ပါ။မစုစုနွေး သည်ဦးကျော်သင်း(ဆယ်အိမ်ခေါင်း)အပိုင်းကဖြစ်၍ ဆယ်အိမ်ခေါင်းများက လူတိုင်းအားလမ်းဖို့ လုပ်ငန်းကို ပါဝင်ကြစေလို၍ ဆော်ဩခြင်းကိုသာ ဆောင်ရွက်ခိုင်းစေ၍ အတင်းအဓမ္မလုပ်ခိုင်းခြင်းမျိုး မရှိအောင် ပြောကြရန် ကျွန်တော် အနေနဲ့စေခိုင်းထားပါသည်။ မစုစုနွေးသည် အိမ်ထောင်စုဇယါးတည်းတွင် တစ်ယောက်တည်း နေသူဖြစ်ပါသည်။ ၎င်းအားကျွန်တော်မှ ၎င်းဦးကျော်သင်းမှ ၎င်းလမ်းမဖို့ပါက မယကနဲ့တွေ့ရမည် ရဲစခန်း သွားရမည် ဟုမပြောခဲ့ပါ။ သူတို့လည်းလမ်းဖို့ရာသို့ အတင်းအခေါ်ခိုင်းခဲ့ပါ။ မစုစုနွေးသည် လမ်းဖို့ရာသို့ လာလည်းမလာ ၊ မြေနေရာလည်းမယူခဲ့ပါ။ သို့အတွက်ကျွန်တော်တို့မှ သူ့ထံက ငွေကြေးတစ်စုံတရာ သတ်မှတ် ၍ ဒဏ်မတပ်ခဲ့ပါ ဥပဒေအရလည်း အရေးမယူခဲ့ပါ မစုစုနွေးက လည်းလမ်းအတွက် ဟုငွေကြေးတစ်စုံတစ်ရာ ပေး ခြင်းမျိုးလည်း မရှိပါ၊ ကိုယ်ထူကိုယ်ထလမ်းဖြစ်၍ လာရောက်ဖေါက်လိုက ဖောက်စေခြင်းသာ ရှိပါသည်။ ယခုလည်းကျွန်တော်တို့ လမ်းအပိုင်မှ လာ၍ မလုပ်သူများလည်းရှိရာ မည်သူကိုမှ ဒဏ်ငွေပေးဆောင်ခြင်း၊ ဥပဒေ အရ အရေးယူခြင်းမျိုးမရှိခဲ့ပါ၊ ရဲများခေါ်၍လည်း မခြိမ်းခြောက်ခဲ့ပါ ။

ဖတ်ပြရာ မှန်ကန်ဝန်ခံပါသည်

# <u>အစစ်ခံချက်</u>

| | | |
|---|---|---|
| အမည် | – | ဦးသာဦး |
| အသက် | – | ၄၈နှစ် /ဝ၄ |
| မိဘအမည် | – | ဦးအေးချို ၊ ဒေါ်ခင်ညွန့် |
| မှတ်ပုံတင် | – | ၁၂/ကမန (နိုင်) ဝ၁၈၁၂ဝ |
| လူမျိုး၊ ဘာသာ | – | ဗမာ /ဗုဒ္ဓ |
| အလုပ် | – | တိုက်ကြီးမြို့နယ် စည်ပင် (ဦးစီးမှူး) |
| နေရပ် | – | မကျီးတန်ရပ်ကွက် ကော့မှူးမြို့နယ် |

ကျွန်တော်သည်ယခင်က ကော့မှူးစည်ပင်ဦးစီးမှူး ဖြစ်ပါသည် စည်ပင်ဖွံ့ဖြိုးရေးရုံပွေ (၁ဝ) သိန်း (၂) သောင်းအား (၂၂ . ၂. ဝ၄ ) နေ့က ထန်းမနိုင်ရွှေကျောင်းကြီး တွင်ကျင်းပဆွေးနွေးသော မျက်ဆံနီ ၊ ကိုးတောင်၊ ကန်သုံးကန် ၊ ထန်းမနိုင် ကျေးရွာချင်းဆက် လမ်းကို ကိုယ်ထူကိုယ်ထ လမ်းအဖြစ် ဖောက်လုပ်မည် လုပ်ငန်းစဉ်တွင် ကျွန်တော်က စည်ပင်ရုံပွေ (၁ဝ)သိန်း (၂)သောင်းအား လမ်းအတွက် လိုအပ်သော ရေထုတ်ပြွန်များ ဝယ်ယူရန် ပေးလှူခဲ့ပါသည်။ လမ်းမှာကိုယ်ထူကိုယ်ထ လမ်းဖြစ်၍ ကျေးရွာသူရွာသားအားလုံး ကပူးပေါင်းပါဝင် လုပ်ဆောင်ကြမည်ကို ဆွေးနွေးကြပြီး ကော့မှူးမယက ဉက္ကဌထံတင်ပြခဲ့ရာ ဉက္ကဌမှ ကိုယ်ထူကိုယ်လမ်းဖြစ်၍ ကိုယ့်အသိစိတ်ဓါတ်နဲ့ ပူးပေါင်းပါဝင်လုပ်ဆောင်ရေး စည်းရုံးကြရန် နှင့် အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခြင်း မပြုရေး ကိုအလေးထား ဂရုပြုရန် အစည်းအဝေးတက်ရောက်လာကြသော ရယကများ ရပ်မိရပ်ဖ များနှင့် ကျေးရွာသူ ရွာသားများအားမှာကြားခဲ့ပါသည်။ ကျန်ကိစ္စ များကို ကျွန်တော်မသိ၊ သူတို့ရွာသူတို့လမ်း သူတို့သဘောဆန္ဒ အလျှောက်မြေဖို့ ကြခြင်းဖြစ်၍

-----------------------------------

ဖတ်ပြရာမှန်ကန်ပါသည်။

ပုံ------

(အမှုစစ်)

## အစစ်ခံချက်

| | | |
|---|---|---|
| အမည် | – | ဦးသန်းစိုး |
| အသက် | – | ၄၆ /၀၄ နှစ် |
| မိဘအမည် | – | ဦးဝင်းသိန်း ၊ ဒေါ်အေးကြည် |
| မှတ်ပုံတင် | – | N/RGN ၀၁၅၇၈၄ |
| လူမျိုး/ဘာသာ | – | ဗမာ / ဗုဒ္ဓ |
| အလုပ် | – | လယ်လုပ် |
| နေရပ် | – | ထန်းမနိုင်(မြောက်ပိုင်း)ရွာ၊ကော့မှူးမြို့နယ် |

### ကိုယ်ရေးအကျဉ်း

ကျွန်တော်သည် (၁ . ၃ . ၂၀) ဝါဆိုလဆန်း (၅) ရက်နေ့၌ ထန်းမနိုင်ရွာမွေးဖွါးခဲ့ပါသည်။ မွေးချင်း (၆) ယေါက်အနက် တတိယ မြောက်ဖြစ်ပါသည်။ ငယ်စဉ်က ကော့မှူး အထက၌ (၉) တန်းထိ ပညာသင် ဘူးပါသည်။ အသက်(၂၂) နှစ်မှာထန်းမနိုင်ရွာနေ ဦးထွန်းရွှေ၏ သမီးမတင်ဝင်းနှင့်အိမ်ထောင်ကျပါသည်။ သားသမီး(၄) ဦးထွန်းကားပါသည်။

### မှုခင်းဖြစ်စဉ်

ကျွန်တော်သည်ရပ်မိရပ်ဖတစ်ဦး ဖြစ်ပါသည်။ (၂၂.၂.၀၄ ) နေ့က ထန်းမနိုင်ရွှေကျောင်းတွင် ပြုလုပ်သည့် မျက်ဆံနီ၊ ကိုးတောင်၊ ကန်သုံးကန်၊ ထန်းမနိုင် ကိုဆက်သွယ်သည့် ကျေးရွာချင်းဆက် ဖောက်လုပ်မည့် လမ်း အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။ မြို့နယ်မှ တာဝန်ရှိသူ မယကဥက္ကဋ္ဌ၊ စည်ပင်မှဦးစီးအရာရှိ ဦးသာဦး ၊ ပြည်ခိုင်ဖြိုးအတွင်းရေးမှူး ဦးမြင့်ကြိုင်နှင့်ကျေးရွာမှ ရယက ဥက္ကဋ္ဌများ ၊ ပြည်ခိုင်ဖြိုးစည်းလုံးရေးမှူးများ၊ရပ်မိရပ်ဖများ၊ ကျေးရွာသူ ရွာသားများတက်ရောက်ခဲ့ကြပြီး၊ လမ်းအားကိုယ်ထူကိုယ်ထ လမ်းအဖြစ်ဖောက်လုပ်သွားကြရန် ညှိနှိုင်းဆွေးနွေးပါသည်။ စည်ပင်မှ ဦးသာဦးမှ ဤကားလမ်းအပိုင်းအတွက် လိုအပ်သည့် ရေထုတ်ပြွန်များကို ပေးလှူသွားမည်ဖြစ်ကြောင်း ပြောပြပါသည်။ မယကဥက္ကဋ္ဌမှလည်း ကိုယ်အားကိုယ်ကိုးလမ်းဖြစ်၍ အတင်းအဓမ္မ လုပ်အားပေးခိုင်းခြင်းမျိုးမရှိစေဘဲ အသိစိတ်ဓါတ်ဖြင့် ရွာသူရွာသား များမှ ပူးပေါင်းပါဝင်လုပ်ဆောင်ပေးကြရန် မေတ္တာရပ်ခံစည်းရုံးသွားကြရန် လမ်းညွှန်သွားပါသည်။ ကန်သုံးကန် နဲ့ ထန်းမနိုင်ကိုဆက်သည့် ထန်းမနိုင်တာဝန်ယူရမည့် လမ်းအပိုင်းဖြစ်မြောက်ရေးအတွက် လမ်းဖြစ်မြောက်မှုကော်မတီကို (၂၁.၃.၀၄) နေ့တွင် ထန်းမနိုင် ရယကရုံးတွင် ရပ်မိရပ်ဖ များ၊ ရယကများ၊ ပြည်ခိုင်ဖြိုးအသင်းဝင်များ၊ ရွာသူရွာသားများစုပေါင်း၍ ဆွေးနွေးကြပြီး ၊ လမ်းအားကိုယ်ထူကိုယ်ထလမ်း အဖြစ်ဖောက်လုပ်သွားကြရန်နှင့် စေတနာရှိသူများက မိမိအသိစိတ်ဓါတ်ဖြင့် အိမ်ထောင်စု တစ်စုလျှင် အောက်ခြေ ၂၅'၊ ထိပ်ဝ ၁၅'၊ အမြင့် ၄'၊ အရှည် ၁၅' အား ပူးပေါင်းပါဝင် ဖောက်လုပ်သွားကြရန် စုပေါင်းသဘောတူကြ၊ ဆယ်အိမ်ခေါင်းများအား အိမ်ထောင်စုများသို့ စည်းရုံးရေးဆင်းစေပါသည်။ စည်းရုံးရေးဆင်းရာတွင်လည်း အတင်းအဓမ္မစေခိုင်းခြင်းမျိုး မရှိရအောင် ခြိမ်းခြောက်သည့် လေသံမပါရအောင် ပြောဆိုကြပါဟု ရယကမှ ဆယ်အိမ်ခေါင်းများအား မှာလိုက်ပါသည်။ ကိုယ်ထူကိုယ်ထလမ်းဖြစ်၍ ကျွန်တော်တို့ပါဝင် ရောက် တာဖို့ခြင်းပြုလုပ်ပါသည်။ (၂၂.၄.၀၄)နေ့ည နှင့် (၂၃.၄.၀၄) နေ့နံနက်များတွင် လမ်းလာပြီးဖို့ ရေးအတွက် စည်းရုံးမှု ဖြင့်ဆော်ဩပေးရန် ရယက အဖွဲ့ဝင် ဦးသံခဲနှင့် ရပ်မိရပ်ဖ ဦးဝင်းလွင်တို့ အားလမ်းကော်မတီက တာဝန်ပေးချက်အရ အသံချဲ့စက်ဖြင့် ရွာသူရွာသား များကလမ်းဖောက်ရာတွင် ပူးပေါင်းပါဝင်ကြပါရန် မေတ္တာရပ်ခံခဲ့ပါသည်။ သူတို့၏ ဆော်ဩသံထဲတွင် လမ်းလာမဖို့သူအား ဥပဒေအရ အရေးယူမည်၊ ဒဏ်ငွေရိုက်မည်ဟု ကြေငြာသံမကြားမိပါ။ ကျွန်တော်တို့ လမ်းကော်မတီက အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းမျိုး၊ ဥပဒေအရအရေးယူခြင်းမျိုး ဒဏ်ငွေရိုက်ခြင်းမျိုးကို ရွာသူရွာသား တစ်ဦးတလေကိုမျှ မပြုလုပ်ခဲ့ပါ။

ဖတ်ပြရာမှန်ကန်ပါသည်

# <u>အစစ်ခံချက်</u>

| | | |
|---|---|---|
| အမည် | – | ဦးဟန်ရွှေ |
| အသက် | – | ၅၀/၀၄ နှစ် |
| မိဘအမည် | – | ဦးခွေး ၊ ဒေါ်လှကြူ |
| မှတ်ပုံတင် | – | မေ့နေ |
| လူမျိုး/ဘာသာ | – | ဗမာ/ဗုဒ္ဓ |
| အလုပ် | – | လယ်လုပ် |
| နေရပ် | – | ထန်းမနိုင်ရွာ (အရှေ့ပိုင်း) ကော့မှူးမြို့နယ် |

## ကိုယ်ရေးအကျဉ်း

ကျွန်တော်သည် (၁.၃.၁၆) ခု နယုန်လဆန်း(၁၀) ရက်၌ ထန်းမနိုင်ရွာ၌ မွေးဖွားခဲ့ပါသည်။ မွေးချင်း(၃) ယောက်အနက် ဒုတိယမြောက်ဖြစ်ပါသည်။ ငယ်စဉ်က ဘုန်းကြီးကျောင်းပညာ သင်ဘူးပါသည်။ အသက် (၂၅) နှစ်မှာ ထန်းမနိုင်ရွာမှ ဦးဘိုကေ၏ သမီးဒေါ်ရင်ရွှေနှင့် အိမ်ထောင်ကျပါသည် သားသမီး(၁၃) ထွန်းကါးခဲ့ပါသည်။

## မှုခင်းဖြစ်စဉ်

ကျွန်တော်သည်ထန်းမနိုင်၊ ကန်သုံးကန်၊ လမ်းပိုင်းတွင် တာဝန်ရှိသည် မြေတာကို ဖို့ပြီးသူဖြစ်ပါသည် ကိုယ်ထူကိုယ်ထ လမ်းဖြစ်၍ ရွာသူရွာသားများက ဝိုင်းဝန်းလုပ်ဆောင်မှသာ ဤလမ်းကြီးပြီးမှာဖြစ်တာ ကြောင့် ဝိုင်းဝန်းလုပ်ဆောင်ပေးကြရန် (၂၂.၄.၀၄) နေ့ ညနှင့် (၂၃.၄.၀၄) နံနက်များတွင်လမ်းဖြစ်မြောက်ရေး ကော်မီတီ ၏ မေတ္တာရပ်ခံ ချက်အရ ကျွန်တော်တို့မိသားစု တက်ကြွစွာပါဝင်ဆောင်ရွက်ပေးခဲ့ကြပါသည်။ထိုနေ့က လမ်းဖြစ်မြောက်ရေးကော်မီတီဟုသာသိရပြီး၊ ရွာထဲရှိမည်သူက ကြေငြာသည်ဟု ကျွန်တော်မသိပါ။ သူတို့ကြေငြာသည့် အထဲတွင် လမ်းမလာဖို့ပါကဥပဒေအရ အရေးယူမည်ဒဏ်ငွေဆောင်ရမည်ဟု အသံကြော်ငြာခြင်းကိုမကြားမိပါ။ ကုသိုလ်ယူကြပါရန်မေတ္တာရပ်ခံပါသည်ဟုသာပြောသွားပါသည်။ရွာထဲမှာလမ်းလာမဖို့၍ ရယက မှသော်လည်းကောင်း၊လမ်းဖြစ်မြောက်ရေးကော်မတီကသော်လည်းကောင်း ဥပဒေအရအရေးယူခြင်းမျိုးဒဏ်ငွေတပ်ခြင်းမျိုး ရှိသည်ဟုမကြားရပါ။

ဖတ်ပြရာမှန်ကန်ပါသည်။

| | |
|---|---|
| ပုံ------- | ပုံ-------- |
| (ဟန်ရွှေ) | (အမှုစစ်) |

# <u>အစစ်ခံချက်</u>

| | | |
|---|---|---|
| အမည် | -------------- | ဦးကျော်ငြိမ်း |
| အသက် | -------------- | ၅၂/၂၀၀၄နှစ် |
| မိဘအမည် | ------------ | ဦးမြသန်း၊ဒေါ်မြခင် |
| မှတ်ပုံတင် | ------------ | NRGN-၁၄၄၃၉၁ |
| လူမျိုး၊ဘာသာ | ---------- | ဗမာ၊ ဗုဒ္ဓ |
| အလုပ် | ------------- | ဈေးရောင်း |
| နေရပ် | ------------- | ထန်းမနိုင်(ပွဲစားလမ်း)ရွာ၊ကော့မှူးမြို့နယ် |

**<u>ကိုယ်ရေးအကျဉ်း</u>**

ကျွန်တော်သည်(၁၃၁၄)ခု၊တန်ခူးလဆုပ်(၁၄)ရက်နေ့တွင် ထန်းမနိုင်ရွာ၌မွေးဖွားခဲ့ပါသည်။မွေးချင်း(၅)ယောက်အနက်(၂)ယောက်မြောက်ဖြစ်ပါသည်။ငယ်စဉ်ကကော့မှူး အထက၌ (၉)တန်းအောင်အထိပညာသင်ဘူးပါ သည်။အသက်(၃၇)နှစ်မှာကော့မှူးတာလမ်းသစ်မှ ဦးထွန်းအောင်သမီး ဒေါ်ခင်နုနှင့်အိမ်ထောင်ကျပါသည်။သမီး(၂)ဦးရှိပါသည်။

**<u>မှုခင်းဖြစ်စဉ်</u>**

ကျွန်တော်သည် ထန်းမနိုင်၊ကန်သုံးကန်၊ကိုးတောင်၊ မျက်ဆံနီ လမ်းပိုင်းအားထန်းမနိုင်ရွာမှတာဝန်ယူဖေါက်လုပ်ရမည်။လမ်းအပိုင်းတွင်ထန်းမနိုင်ရွာသားတစ်ဦးအနေဖြင့်မည်သူတိုက်တွန်းချက်မျှမပါ။ကိုယ့်သဘောဆန္ဒအလျောက် ကိုယ့်ဖာသာသွားရောက် တာဖို့ခြင်းဖြင့် ကုသိုလ်ယူခဲ့ပါသည်။လမ်းဖေါက်ခြင်းသည်ကုသိုလ်ရကြောင်းဗမာတိုင်းနားလည်ကြပါသည်။လမ်းမကြီးဖောက်ပြီးပါကလည်း အခြားကသူများလာရောက်အသုံးပြုမှာထက်၊ဒေသခံမိမိတို့ရွာသူရွာသားများသာသုံးကြမည်ဖြစ်ပါသည်။အကျိုးရှိမည်ဖြစ်ပါသည်။အသိတရားနှင့်ကျွန်တော်တာဝန်ယူရသည့်အပိုင်းအားစိတ်အားထက်သန်စွာဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါသည်။ကျွန်တော်တို့ဆယ်အိမ်ခေါင်းဦးကျော်ကျော်ဝင်းမှ လာရောက်ပြောကြားသည်တော့ရှိပါသည်။ဒါပေမဲ့ကျွန်တော့အသိတရားကရှိပြီးဖြစ်ပါသည်။ဦးကျော်ကျော်ဝင်းတို့အနေဖြင့် ကျွန်တော်တို့အားလာရောက်ပြောကြားသောအခါအတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းမျိုးလေသံမမာပါ။ကိုယ်ထူကိုယ်ထလမ်းဖြစ်၍ဝိုင်းဝန်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံခြင်းသာကြားရပါသည်။သည်လမ်းကြီးကိုအိမ်ထောင်စုများလာရောက်မဖို့ပါက မယကနဲ့တွေ့ရမယ်၊ရဲလက်အပ်မည်ဟုပြောသံမကြားရပါ။လမ်းစတင်ဖေါက်သည့်ညကနဲ့မနက်ကလမ်းဖေါက်လုပ်ရေးကော်မရှင်မှ ကြေငြာသံကြားရပါသည်။ဘယ်သူတွေကြေငြာသည်ဟုကျွန်တော်မသိပါ။လမ်းမှာကိုယ်ထူကိုယ်ထလမ်းဖြစ်၍ ကိုယ့်ရွာကောင်းကျိုးအတွက်ဖောက်လုပ်သောလမ်းဖြစ်သောကြောင့် ရွာထဲရှိသူများမှ သွားရောက်မြေဖို့ဖောက်လုပ်ကြရန်မေတ္တာရပ်ခံပါကြောင်းအသံသာကြားရပါသည်။သည်လမ်းကြီးကိုလာပြီးမဖို့သူကိုဥပဒေအရ အရေးယူမည်၊ဒဏ်ငွေရိုက်မည်ဟုကြေငြာသံမကြားရပါ။ရွာထဲတွင်ယခုအထိတာလာမဖို့သေးသူများရှိပါသေးသည်။၎င်းတို့အားရယကနှင့်လမ်းဖြစ်မြောက်ရေးကော်မတီမှ ဒဏ်ငွေရိုက်ခြင်းရှိသည်၊ဥပဒေအရအရေးယူခြင်းခံရသည်ဟုကျွန်တော်မကြားမိပါ။

ဖတ်ပြရာမှန်ကန်ပါသည်။

| | |
|---|---|
| ပုံ-------- | ပုံ---------- |
| (ကျော်ငြိမ်း) | (စံလှ၊ အမှုစစ်) |

# သက်သေအစစ်ခံချက်

အမည် ---------------- ဦးမြဝင်း
အသက် ---------------- ၆၇နှစ်
မိဘအမည် --------------- ဦးထွန်းကြိုင်၊ဒေါ်ကြူ
မှတ်ပုံတင် --------------- NRGN-၀၄၇၄၇၃
အလုပ်အကိုင် ------------- လယ်လုပ်
လူမျိုး၊ဘာသာ ------------- ဗမာ၊ ဗုဒ္ဓ
နေရပ်လိပ်စာ ------------- ထမ္မနိုင်ကျေးရွာ၊ဖွဲ့စားလမ်း

## ကိုယ်ရေးအကျဉ်း

ကျွန်တော်သည်ထမ္မနိုင်ကျေးရွာတွင်အထက်ပါမိဘနှစ်ပါးမှမွေးဖွားခဲ့ပြီး မွေးချင်းမောင်နှမလေးယောက်ရှိပြီးဒုတိယမြောက်သားဖြစ်ပါသည်။မွေးချင်းများမှာ(၁)ဦးအုံးကြွယ်၊ထမ္မနိုင် (၂)စစ်ဆေးခံသူ (၃)ဒေါ်ညွန့်ရင်(ကွယ်လွန်) (၄)ဒေါ်သန်းနု၊ထမ္မနိုင်ကျေးရွာတို့ဖြစ်ပါသည်။လွန်ခဲ့သောနှစ်(၄၀)ခန့်က တစ်ရွာတည်းနေ မစိန်တင့် နှင့်အိမ်ထောင်ကျ၍ သားသမီး(၃)ယောက်ထွန်းကားခဲ့ပါသည်။ယခုအခါကျွန်တော်ပိုင်ဆိုင်သော လယ်(၁၁)ကေတွင်စပါးစိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းပြုပါသည်။

## မှုခင်းပိုင်းဆိုင်ရာထွက်ဆိုချက်

ကျွန်တော်သည်ထမ္မနိုင်ကျေးရွာတွင်ရပ်မိရပ်ဖတစ်ဦးအဖြစ်နေထိုင်ခဲ့ပြီးထမ္မနိုင်၊ကန်သုံးကန်၊ကိုး တောင်၊မျက်ဆံနီကျေးရွာဆက်လမ်း(လမ်းဟောင်း) အားပြန်လည်ပြုပြင်တူးဖော်ရန်အတွက်ကျေးရွာရပ်မိရပ်ဖများ၊ရယကအဖွဲ့ဝင်များ၊ပြည်ခိုင်ဖြိုးအသင်းဝင်များ၊ကျေးရွာသူ၊သားများပူးပေါင်း၍ ကိုယ်ထူကိုယ်ထလမ်းဖြစ်မြောက်ရေးအတွက်ဆောင်ရွက်ခဲ့ပါသည်။ထိုသို့ဆောင်ရွက်ရာတွင်တစ်အိမ်ထောင်လျှင်အရှည် ၁၅ပေ၊အောက်ခြေ၂၅ပေ၊ထိပ်ဝ ၁၅ပေ၊အမြင့်၄ပေရှိလမ်းဖေါက်လုပ်ရန် အသံချဲ့စက်ဖြင့် နှိုးဆော်၍အသိပေးခဲ့ပါသည်။ထိုသို့နှိုးဆော်ရာတွင်မိမိကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ဝိုင်းဝန်းကူညီပေးရန်မေတ္တာရပ်ခံခြင်းဖြစ်ကြောင်း မတူးဖေါ်ပါက ဥပဒေအရအရေးယူခံရမည် ဆိုသောခြိမ်းခြောက်ခြင်းမျိုးပြောဆိုခဲ့ခြင်းမရှိကြောင်း ကျေးရွာဖွံ့ဖြိုးရေးအတွက်တိုက်တွန်းခြင်းမျိုးသာပြောဆိုခဲ့ကြောင်းထွက်ဆိုပါသည်။

ဖတ်ပြရာမှန်ကန်ပါသည်။

ပုံ--------
စစ်ဆေးခံရသူ
ဦးမြဝင်း(ဘ)ဦးထွန်းကြိုင်

ပုံ------------
(စံလှ)
(စစ်ဆေးသူ)

# <u>အစစ်ခံချက်</u>

| | |
|---|---|
| အမည် -------- | ဦးကျော်သင်း |
| အသက် -------- | ၆၇နှစ် |
| မိဘအမည်-------- | ဦးဖိုလ်လုံး၊ဒေါ်ငြိမ်းရင် (ဆုံး) |
| မှတ်ပုံတင်-------- | **NKGN-** ၀၁၅၃၁၈ |
| လူမျိုး၊ဘာသာ----- | ဗမာ၊ဗုဒ္ဓ |
| အလုပ် -------- | လယ်လုပ် |
| နေရပ် -------- | ထန်းမနိုင်ရွာ၊ဘုရားလမ်း၊မ(၂၄၁ )၊<br>ကော့မှူးမြို့နယ် |

<u>ကိုယ်ရေးအကျဉ်း</u>

ကျွန်တော်သည်၁၂၉၉ခု၊တော်သလင်းလဆန်း (၁) ရက်နေ့မှာ ထန်းမနိုင်ကျေးရွာ၌ မွေးဖွားခဲ့ပါသည်။ မွေးချင်း (၄) ယောက်ရှိသည့် အနက်တတိယမြောက်ဖြစ်ပါသည်။ (၁) ဦးကျော်ဝင်း (ဖရဲချောင်) လယ်လုပ် (၂) မိမိ (၃) ဦးစိန်ကျော် (ဆုံး) (၄) ဦးသိန်းဝင်း (ဝါး/ဘောက်ရွာလယ်လုပ်) တို့ဖြစ်ပါသည်။ အကြီးဆုံးအစ်မ မကြည်မြမှာ ဆုံးသွားပြီးဖြစ်ပါသည်။ ငယ်စဉ်ကဘုန်းကြီးကျောင်းပညာသာသင်ဘူးပါသည်။ အသက် (၂၇) နှစ်မှာ ကန်သုံးကန်ရွာမှ ဦးအောင်ညွန့်၏သမီး မပေါ်ရှိန်နဲ့ အိမ်ထောင်ကျပါသည်။ သားသမီး(၃) ဦး ထွန်းကားခဲ့ပြီး မပေါ်ရှိန်မှာလွန်ခဲ့သည့် (၃၂)နှစ်ခန့်က သေဆုံး၍ ထန်းမနိုင်ရွာနေ ဦးထွန်းဝေ ၏ သမီးဒေါ်ခင်အေးနှင့် နောက်အိမ်ထောင်ပြုရာ သားသမီး(၇) ဦး ထွန်းကားခဲ့ပါသည်။

မှုခင်းဖြစ်စဉ်

ကျွန်တော်သည်ထန်းမနိုင်ရွာ ရုံးပိုင်းမှ ဆယ်အိမ်မှူးဖြစ်ပါသည်။ ကျွန်တော်တာဝန်ယူရသည့် ဆယ်အိမ်စုတွင် မစုစုနွေး၏ အိမ်ရှိပါသည်။ မစုစုနွေးမှာ အိမ်ထောင်စုစာရင်းသတ်သတ်ကိုင်ဆောင်ထားပြီး သူတစ်ဦးတည်းနေပါသည်။ သူ့အဖေမှ လယ်များကျန်ခဲ့၍ သီးစားချထားလုပ်ကိုင်စားသောက်ပါသည်။ ကျွန်တော်တို့ရွာနှင့် ကန်သုံးကန်ဆက်သွယ်သည့် လမ်းအား (၂၃.၃.၀၄) နေ့က လမ်းဖောက်လုပ်ပါသည်။ တစ်ရွာနဲ့တစ်ရွာ အဆက်အသွယ်ကောင်းအောင် အခြားစီးပွါးရေး၊ လူမှုရေးများလုပ်ဆောင် နိုင်ရန် ယခင်ရှိပြီးသားလမ်းဟောင်းအား လမ်းသား မြေဖို့ကြခြင်းဖြစ်ပါသည်။ ထိုသို့လမ်းဖောက်လုပ်ရန် ကျေးရွာအတွင်းရှိ ရွာမိ/ရွာဖများ ရယကများ ကျေးရွာ အတွင်းရှိ ပြည်သူများ စုပေါင်းတိုင်ပင်၍ သည်လမ်းကိုပြန်လည်ဖောက်လုပ်ရန်အများဆန္ဒ သဘောတူညီချက် အရကိုယ်ထူကိုယ်ထ လမ်းအဖြစ်ဆောင်ရွက်သွားရန်ညှိနှိုင်းလုပ်ဆောင်ကြခြင်းဖြစ်ပါသည်။ မြို့နယ်အေးချမ်းရေးကောင်စီ၏ စီစဉ်မှုအရ မဟုတ်ဘဲ ကျေးရွာပြည်သူများ၏ သဘောဆန္ဒအလျောက်ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ ကျွန်တော်အနေဖြင့် မိမိအပိုင်မှာရှိသည့် အိမ်ထောင်စုများအား မြေဖို့တာဖို့ရန် ဆော်ဩပေးပါသည်။ လမ်းဖေါက်လုပ်ရန်အတင်း အဓမ္မ အဖြစ်မနေသွားရောက်တူးရမည်ဟု မဆင့်ဆိုခဲ့ပါ။ အကယ်၍သွားရောက်မတူးဖေါ်နိုင်ပါက လူငှား၍လည်း သွားရောက်တူးဖော်တာဖို့ နိုင်ကြောင်းသာပြောခဲ့ပါသည်။ မစုစုနွေး တို့အားလည်း သွားလည်းလမ်းဖို့လိုပါက တစ်အိမ်ထောင်ကိုယ်တာတစ်စု မသတ်မှတ်ဘဲ သူလိုဘဲနေသည် ဒေါ်ဖြူ ၊ ဒေါ်ငွေရင် တို့လို လူမျိုးများနှင့်စုပေါင်းတာဖို့နိုင်ကြောင်းပြောကြားခဲ့ပါသည်။ ခင်ဗျားတို့မဖြစ်မနေသွားပြီး ကိုယ်နေရာကိုယ်မှတ် လမ်းဖို့ပါဟုမခိုင်းခဲ့ပါ။ ခင်ဗျားတို့မလုပ်နိုင်ရင်ငွေ ၆၀၀၀ ပေးရမယ် ၊ မပေးနိုင်ကဥပဒေအရ အရေးယူခံရမယ်ဆိုတာ ကိုလည်းမပြောခဲ့ပါ။ ကိုယ်ထူကိုယ်ထလမ်း ဖြစ်၍ စေတနာအလျောက် မိမိသဘောဆန္ဒအလျောက်တာဖို့ရမည် ဖြစ်ကြောင်း ကျွန်တော်နားလည်သလို သူတို့တစ်တွေနားလည်ကြပါသည် အိမ်လမ်း၊ မိမိဖို့ခြင်းမဖို့ခြင်းအား မည်သည့်ဥပဒေအရ အရေးမယူနိုင်ကြောင်းကိုလည်း လူတိုင်းသိပါသည်၊ မဖို့ကဥပဒေအရ အရေးယူမည်ဟု မည်သူကိုမျှကျွန်တော် ခြိမ်းခြောက်၍မခိုင်းခဲ့ပါ။ ကျွန်တော မစုစုနွေးအား လမ်းဖို့၍ တစ်ကြိမ်သာသွားဆွေးနွေးခဲ့ပါသည် ကျွန်တော်အားကျမ တို့ကဒီမိုကရေစီတွေ မဖို့နိုင်ဘူးဟုပြော၍ ကျွန်တော်လည်း နောက်ထပ်သူ့အားဘာမှ မပြောတော့ပါ။

ဖတ်ပြရာ မှန်ကန်ဝန်ခံပါသည်

အစစ်ခံချက်

| | | |
|---|---|---|
| အမည် | – | ဦးသံခဲ (ခ)ဦးမြင့်သိန်း |
| အသက် | – | ၃၆/၀၄ နှစ် |
| မိဘအမည် | – | ဦးအုန်းကြွယ် (ထန်းမနိုင်) |
| မှတ်ပုံတင် | – | ၁၂/ကမန (နိုင်) ၀၁၅၉၁၀ |
| လူမျိုး/ဘာသာ | – | ဗမာ/ဗုဒ္ဓ |
| အလုပ် | – | အရောင်းအဝယ် |
| နေရပ် | – | ထန်းမနိုင်ကျေးရွာတောင်ပိုင်း၊ဖွဲခေးလမ်း၊ မ/ ၂၇၂၊ ကော့မှူးမြို့နယ် |

**<u>ကိုယ်ရေးအကျဉ်း</u>**

ကျွန်တော်သည် ၁၉၆၈ခု၊ဧပြီလ(၁၄)ရက်နေ့၌ ရန်ကုန်မြို့၌မွေးဖွားခဲ့ပါသည်။မွေးချင်း(၃)ယောက်အနက် အငယ်ဆုံးဖြစ်ပါသည်။(၁)ဦးကံထွန်း(ထန်းမနိုင်၊လယ်လုပ်)၊(၂)ကိုဝင်းမြင့်(ဖရုံချောင်း၊လယ်လုပ်)တို့ဖြစ်ပါသည်။ ငယ်စဉ်ကကော့မှူးအထက၌(၉)တန်းအထိပညာသင်ဘူးပါသည်။အသက်(၂၉)နှစ်မှာကန်ဒရယ်ရွာမှ ဦးထွန်းမြင့် ၏ သမီးမကြည်ထွေးနှင့်အိမ်ထောင်ကျပါသည်။သား(၁)၊မ(၁)ထွန်းကားခဲ့ပါသည်။

**<u>မှုခင်းဖြစ်စဉ်</u>**

ကျွန်တော်သည်ထန်းမနိုင်ကျေးရွာ(ရယက)အဖွဲ့ဝင်ဖြစ်ပါသည်။ကျွန်တော်တို့ရွာတွင်ကျေးရွာဖွံ့ဖြိုးရေး အတွက် ကျေးရွာခြင်းဆက်လမ်းသွယ်ရေးလမ်းအဖြစ်နဂိုရှိရင်းဖြစ်သည့် မျက်ဆံနီ၊ကိုးတောင်၊ ကန်သုံးကန်၊ထန်းမ နိုင်ဆက်သွယ်ရေးလမ်းတွင် မျက်ဆံနီ၊ကိုးတောင်၊ကန်သုံးကန်မှဒင်းတို့နှင့်သက်ဆိုင်သည့်အပိုင်းများကို လမ်းမြေ ဖို့ခြင်းများရှိ၍ရပ်မိရပ်ဖများ၊ကျေးရွာပြည်သူများစုပေါင်းဆွေးနွေး၍ကန်သုံးကန်နှင့်ထန်းမနိုင်ဆက်သွယ်သည့်လမ်း အပိုင်းကိုကိုယ်ထူကိုယ်ထဆောင်ရွက်ကြရန် ညှိနှိုင်းသဘောတူညီချက်အရ(၂၃–၃–၀၄)နေ့မှစ၍ တစ်အိမ် ထောင်ကိုအောက်ခြေ၂၅ပေ၊ထိပ်၀၁၅ပေ၊အမြင့်၄ပေ၊အရှည်၁၅ပေကို ခွဲတမ်းချ၍ရွာထဲမှလူများကို ကိုယ့်သဘော ဆန္ဒအလျောက်လာရောက်လမ်းဖို့ခိုင်းခဲ့ပါသည်။လမ်းဖို့ရန်အတွက်ဆော်သြသည့်အနေနှင့် ရွာထဲသို့ အသံချဲ့ စက်ဖြင့် ကျွန်တော်နှင့်ရပ်မိရပ်ဖ(၂)ဦးဝင်းလွင်တို့မှဆော်သြကြေငြာပေးပါသည်။ကျွန်တော်တို့အနေနှင့်ကြေငြာ ချက်တွင်မည်သူ့ကိုမျှခြိမ်းခြောက်သည့်လေသံမပါရအောင်ကြေငြာပေးပါသည်။ကိုယ်ထူကိုယ်ထလမ်းဖြစ်သဖြင့် တတ်စွမ်းသ၍ကုသိုလ်ယူမြေဖို့ပေးရန်နှင့်ကိုယ်တိုင်မဖို့နိုင်ပါကလူငှား၍မြေဖို့ပေးကြပါရန်ဆော်သြပေးပါသည်။ ဥပဒေအရအရေးယူမည်၊ဒဏ်ငွေပေးဆောင်ရမည်ဟုမကြေငြာခဲ့ပါ။ကိုယ်ထူကိုယ်ထလမ်းအဖြစ် မဖြစ်အနေ(၅)ရက်အတွင်းမြေဖို့ ပေးရန်မေတ္တာရပ်ခံခဲ့ပါသည်။ကျွန်တော်တို့အသံချဲ့စက်နဲ့လမ်းဖေါက်ရေးစသည် နှစ်ရက်ခန့်သာကြေငြာခဲ့ပြီး၊သတ်မှတ်ရက်ပြီးကာနီးတွင်တစ်ခါကြေငြာဆော်သြပေးခဲ့ပါသည်။ကျွန်တော်သည် လမ်းဖောက်လုပ်ရေးမှာရယကအဖွဲ့ဝင်တစ်ဦးအနေနှင့်ပါဝင်ခဲ့သော်လည်း ဤလမ်းဖောက်လုပ်ခြင်းနှင့် ပတ်သက် ၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ခြိမ်းခြောက်ခြင်း၊ဒဏ်ငွေတပ်ခြင်း၊ အတင်းအဓမ္မ မဖြစ်မနေ လုပ်ရမည် ဟုစေခိုင်းခြင်းမျိုး မရှိခဲ့ပါ။ရွာသူရွာသားများ မှာလည်းဗုဒ္ဓဘာသာမြန်မာတို့ထုံးဆံအတိုင်း လမ်းဖောက်လုပ်ခြင်း ဖြင့်၎င်းတို့ဖာသာကျေနပ်စွာသူ့တာဝန်၊ကိုယ့်တာဝန်ကိုကျေကျေနပ်နပ်လာရောက်လုပ်ဆောင်ပေးသွားခြင်းသာ ရှိ ပါသည်။

ဖတ်ပြရာမှန်ကန်ပါသည်